မုချဧကန်၊ ရှိုင်တွာန်သည် အာရေဗျကျွန်းဆွယ်ရှိ

ဆွလာသ်ဝတ်ပြုသူ (မွတ်စ်လင်မ်)များကို

၎င်း၏ကိုးကွယ်မှုဘက်သို့ ပြန်လည်ရောက်ရှိစေရန်

မျှော်လင့်ချက် ကင်းမဲ့သွားလေပြီ။ သို့ရာတွင်

၎င်းတို့အကြား (သဘောထားကွဲလွဲမှုနှင့်ပဋိပက္ခများဖြစ်ပွားစေရန်) လှုံ့ဆော်နေဆဲဖြစ်သည်။

ဂျာဗိရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည်တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့သည်။ "မုချဧကန်၊ ရှိုင်တွာန်သည် အာရေဗျကျွန်းဆွယ်ရှိ ဆွလာသ်ဝတ်ပြုသူ (မွတ်စ်လင်မ်)များကို ၎င်း၏ကိုးကွယ်မှုဘက်သို့ ပြန်လည်ရောက်ရှိစေရန်
မျှော်လင့်ချက် ကင်းမဲ့သွားလေပြီ။ သို့ရာတွင် ၎င်းတို့အကြား
(သဘောထားကွဲလွဲမှုနှင့် ပဋိပက္ခများဖြစ်ပွားစေရန်) လှုံ့ဆော်နေဆဲဖြစ်သည်။"
[صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ကမိန့်ကြားတော်မူခဲ့သည်မှာရှိုင်တွာန်သည် အာရေဗျကျွန်းဆွယ်ရှိ မုအ်မင်န် ဆွလာသ်ဝတ်ပြုသူများကို၎င်း၏ကိုးကွယ်မှုသို့ ပြန်ရောက်စေရန် သို့မဟုတ် ရုပ်တုကို စဂျ်ဒဟ်ပြုစေရန်မျှော်လင့်ချက် ကင်းမဲ့သွားလေပြီ။ သို့သော် ၎င်းသည်ဆက်လက်၍မျှော်လင့်ချက်ထားရှိနေဆဲဖြစ်ကာ၊ ၎င်းတို့အကြား ကွဲလွဲမှုများ၊ မုန်းတီးမှုများ၊စစ်ပွဲများ၊ ပဋိပက္ခများနှင့် အလားတူဖြစ်ရပ်များ ဖြစ်ပွားစေရန် လှုံ့ဆော်ခြင်း၌၎င်း၏အားထုတ်မှု၊ လုံ့လ၊ လုပ်ဆောင်ချက်နှင့် ကြိုးပမ်းမှုများဆက်လက်တည်ရှိနေဆဲဖြစ်သည်။

https://sunnah.global/hadeeth/my/show/8886